# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 18, 2020 Volume 31, Number 10


**၁၈.၅.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၆၁ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၆၀၀၀ |
| ဒေါ်လာဈေး | = ၁၄၁၁/- ကျပ် |
| CBM Rate | = ၁၄၀၆.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၅.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၀၂.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၀.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၀၆.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၆၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၁.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၈၉၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပုပ်သိုး၊ ပျက်စီးမှုမဖြစ်စေရန် ကုန်စိမ်းကားများအား သီးသန့်ဖြတ်သန်းခွင့်ပေး

ပုပ်သိုး၊ ပျက်စီး လွယ်သော ကုန်စိမ်းနှင့်သီးနှံများအား အချိန်မီတင်ပို့နိုင်ရန် သီးသန့် ယာဉ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် ကုန်စိမ်းကားများအား ကန့်သတ်ချိန်များတွင် ဖြတ်သန်းခွင့်ပြုရန် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်အစိုးရများသို့ မေလ ၁၅ ရက်တွင် ညွှန်ကြားခဲ့သည်။ ထိုသို့ညွှန်ကြားချက်ထွက်လာပြီးနောက် မေလ ၁၆ ရက်တွင် စာရင်းတင်လာသည့် ကားအစီးရေ ၃၀၀ ကျော်ကို သီးသန့်ယာဉ်ဖြတ်သန်းခွင့် လက်မှတ်ထုတ်ပေးပြီးဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးစိုးညွှန့်လွင်ကပြောသည်။ "ရှမ်းအစိုးရက အရင်ကတည်းက ကုန်တင်ကားတွေကို ဖြတ်သန်းခွင့်ပြုထားတာ မှန်ပေမယ့် တချို့က ကာဖျူးအမိန့်ကြောင့် လမ်းမှာကြန့်ကြာတာတို့၊ တားဆီးတာတို့ဖြစ်တာရှိတယ်။ အခုတော့ ရန်ကုန်ရောက်ရင်လည်း တိုက်ရိုက်ဝင်လို့ရပြီ" ဟု ၎င်းကပြောသည်။ ညွှန်ကြားချက်တွင် COVID –19 ဆိုင်ရာ အမိန့်များကြောင့် ကုန်စိမ်းစီးဆင်းမှု မကြန့်ကြာစေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပေးထားသော ယာဉ်ဖြတ်သန်းခွင့်လက်မှတ်ပါ ကုန်စိမ်းကားများအား ညမထွက်ရအချိန် အပါအဝင် ကန့်သတ်ချိန်များတွင်ပါ ရန်ကုန်နှင့်မန္တလေးတိုင်းတွင် ဖြတ်သန်းခွင့်ပြုရန် ပါဝင်သည်။

ထို့အပြင် ကန့်သတ်ချိန်များတွင် ဝင်ရောက်လာသည့် ကုန်တင်ယာဉ်များအတွက် ဈေးနှင့် အနီးဆုံးနေရာတွင် ခေတ္တရပ်နားရန်နေရာစီစဉ်ပေးရန်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင်းရှိ လက်ကားဈေးများနှင့် လက်လီဈေးများချိတ်ဆက်သည့် လမ်းကြောင်းများကို ကုန်စိမ်းများပို့ဆောင်ခြင်းအတွက် လိုအပ်သည့်ဖြေလျှော့မှု အစီအမံများချမှတ်ခွင့်ပြုပေးရန်ဟူ၍ ရန်ကုန်တိုင်းနှင့်မန္တလေးတိုင်းအစိုးရထံသို့ ညွှန်ကြားခဲ့သည်။ ထို့အပြင် ရန်ကုန်သို့ ကုန်စိမ်းများတင်ပို့ရမည့်ယာဉ်များကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် သီးသန့်ယာဉ်ဖြတ်သန်းခွင့်လက်မှတ်များ စိစစ်ထုတ်ပေးရန်၊ ခွင့်ပြုထားသည့် ယာဉ်ဖြတ်သန်းခွင့်လက်မှတ်များထုတ်ပေးမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များသို့ ကြိုတင်စာရင်းပေးပို့ရန်၊ ကုန်တင်ယာဉ်များပေါ်တွင် ခရီးသည်များလိုက်ပါခြင်းမပြုစေရန် ညွှန်ကြားထားသည်။ "အရင်က ကားတွေရပ်ထားရလို့ ကုန်စိမ်းတွေပျက်စီးရသလို ရန်ကုန်က စားသုံးသူတွေအတွက်လည်း လတ်လတ်ဆတ်ဆတ် မစားရဘူးပေါ့။ ပြီးတော့ အဝင်နည်းတော့ မလောက်ငပဲ ဈေးကြီးရတာပေါ့" ဟု အောင်ပန်းမြို့ ပြည်သာယာရေး ဈေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးကျော်ကပြောသည်။

ရှမ်းပြည်နယ်မှ ထွက်ရှိသည့် ဂေါ်ဖီ၊ ခရမ်းချဉ်သီးစသည့် ကုန်စိမ်းစိုက်ပျိုးသူများ၏ ကုန်ပစ္စည်းများ ဈေးကွက်သို့အချိန်မီရောက်ရှိရန်နှင့် ပုံမှန်ဈေးနှုန်းပြန်လည်ရရှိရန်


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြိုးစားအားထုတ်မှုကြောင့် ယခုကဲ့သို့ ညွှန်ကြားချက်ထွက်လာခြင်းဖြစ်ပြီး အားလုံးအတွက်ဝမ်းသာရကြောင်း ရှမ်းပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဦးစိုးညွန့်လွင်ကပြောသည်။ ရှမ်းပြည်နယ်ဒေသထွက် ကုန်စိမ်းများကို ရန်ကုန်၊ နေပြည်တော်၊ တောင်ငူ၊ ပဲခူး၊ မန္တလေး ဈေးကွက်များသို့ နေ့စဉ်ယာဉ် အစီးရေ ၁၀၀ ကျော်ဖြင့် တင်ပို့လျက်ရှိသည်။

**Source:** https://7day.news/detail?id=186405

## မြိတ်ကျွန်းစုဒေသထွက်ကဏန်းမဲ တရုတ်နှင့်ထိုင်းပြန်ဝယ် ဈေးကောင်းမရ



COVID-19 ကူးစက်ရောဂါကာလအတွင်း တစ်လနီးပါး အဝယ်ရပ်နားထားသည့် မြိတ်ကျွန်းစုဒေသထွက် ကဏန်းမဲများအား လက်ရှိ၌ တရုတ်နှင့်ထိုင်းနိုင်ငံတို့မှ ဝယ်လက်များက အကန့်အသတ်နှင့် ပြန်လည်ဝယ်ယူနေသော်လည်း ဈေးကောင်းမရကြောင်း မြိတ်အခြေစိုက် ကဏန်းအဝယ်ဒိုင်များမှသိရသည်။ ယခင်က ကဏန်းမဲဈေးကွက်သည် နိုင်ငံခြားဈေးကွက်တွင်Export ကုန်အဖြစ် ဈေးအမြင့်ဆုံးပေး အရောင်း/အဝယ် ပြုလုပ်နေသော ရေထွက်ကုန် တစ်မျိုးလည်းဖြစ်သည်။

မြိတ်မြို့၊ ကဏန်းမဲအဝယ်ဒိုင်မှ ဦးအေးလွင်က "တစ်ဖက်နိုင်ငံက ပြန်ဝယ်နေလို့ နည်းနည်းပြန်ဝယ်တာပါ။ သူတို့မှာလည်း သွားလာပြန်အဆင်ပြေပြီဆိုတော့အစက သူတို့ Lockdown ချထားတယ်လို့ ပြောတယ်"ဟု ပြောဆိုသည်။ လက်ရှိတွင် တရုတ်နှင့် ထိုင်း နိုင်ငံ နယ်စပ်ဂိတ် တချို့မှ မြိတ်ကျွန်းစုဒေသထွက် ရေထွက် ပစ္စည်းများကို ပြန်လည်ဝယ်ယူနေခြင်းဖြစ်ပြီး၊ ယင်းရေထွက်ကုန်များအနက် ကဏန်းမဲများလည်း ပါဝင်နေခြင်းဖြစ်သည်။ COVID-19 ကူးစက်ရောဂါကာလတွင် ကဏန်းမဲများကို အဝယ်ရပ်တန့်ထား၍ မြိတ်ကျွန်းစုအတွင်းရှိ ကဏန်းမဲဖမ်းရေလုပ်သားများမှာ လူဦးရေရာနှင့်ချီ၍ စားဝတ်နေရေးကျပ်တည်းခဲ့ကြသည်။ "တရုတ်ပြည်မှာ ကိုဗစ်-၁၉ စဖြစ်တာနဲ့ အဝယ်ရပ်လိုက်တာ ဒီဘက်မှာ ဈေးကချက်ချင်းပြုတ်ကျသွားတယ်။ ပြီးတော့ ထိုင်းမှာ အခုကဝယ်တာ အကန့်အသတ်နဲ့ ပြန်ဝယ်နေတော့ ဈေးကောင်း မရပါဘူး"လို့ ကဏန်းမဲအဝယ်ဒိုင် ဦးလှဌေးကပြောကြားသည်။

ကဏန်းမဲ ဈေးကွက်၌ ဆိုက် (၄) မျိုးရှိပြီး လက်ရှိ အချိန်တွင် (၃၀၀) ဂရမ်အထက်ကို ယခင်က (၂၅၀၀၀) ကျပ်၊ ယခု (၉၀၀၀) ကျပ်၊ (၂၀၀) ဂရမ် အထက်ကို ယခင်က (၂၀၀၀၀) ကျပ်၊ ယခု (၈၀၀၀) ကျပ်၊ (၂၀၀) ဂရမ် အောက်ကို ယခင်က (၁၅၀၀၀) ကျပ်၊ ယခု (၇၀၀၀) ကျပ် ဝန်းကျင်ခန့်၊ (၁၀၀) ဂရမ်အောက်ကို (၆၅၀၀) ကျပ် ဝန်းကျင်ခန့်ရှိသည်။

မြိတ်မြို့တွင် ကဏန်းမဲ အဝယ်ဒိုင်ကြီး (၄) ဒိုင်နှင့် ဒိုင်ငယ် (၁၀) ကျော်ရှိပြီး ကဏန်းမဲများကို မြိတ်၊ ကျွန်းစု၊ ပုလော၊ ပင်လယ်ပိုင်းနှင့် ကြိမ်နီတောင်၊ ကြိမ်မဲတောင်မှ မြိတ်မြို့တွင် လာရောက် ရောင်းချလျက်ရှိကြပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ဈေးကောင်းရချိန်၌ ဘုတ်ပြင်း၊ ကော့သောင်းဘက်မှလည်း လာရောက်ရောင်းချလျက်ရှိကြကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/139269.html

## မိုင်းယောင်း၌ မျှစ်ခါးရှာဖွေရောင်းချသူများ မိသားစုဝင်ငွေအဆင်ပြေ



ဒေသအစားအစာတစ်မျိုးဖြစ်သော မျှစ်ခါးသည် ကဆုန်၊ နယုန်တွင် လှိုင်လှိုင်ပေါ်နေပြီဖြစ်ရာ မိုင်းယောင်း၌ မျှစ်ခါးရှာဖွေရောင်းချသူများ မိသားစုဝင်ငွေအဆင်ပြေနေကြောင်းသိရသည်။ မျှစ်ခါးသည် တောတောင်လျှိုမြောင်တွင် သဘာဝအလျောက် အလေ့ကျပေါက်ရောက်ကြောင်း၊ မိုးရေရရှိပြီးနောက် မျှစ်ခါးပင်စည်အခြေရှိ မျှစ်ခါးအစို့သည် မြေပေါ်သို့ထွက်ပေါ်လာကြောင်း၊ မျှစ်ခါးအား အမျိုးမျိုးချက်ပြုတ် စားသုံးနိုင်ကြောင်း၊ မျှစ်ခါးငါးချောင်းပါတစ်စည်းလျှင် ကျပ် ၁၀၀၀ ရောင်းရကြောင်းသိရသည်။

မိုင်းယောင်းမျှစ်ခါးသည် အရသာကောင်းမွန်၍ ဝယ်ယူစားသုံးသူများခြင်းကြောင့် တစ်ရက်လျှင် ကျပ် ၅၀၀၀၀ ကျော်ဖိုး ပုံမှန်ရောင်းရသဖြင့် မျှစ်ခါး ရှာဖွေရောင်းချသူများ မိသားစုဝင်ငွေအဆင်ပြေနေကြောင်း သိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ရန်ကုန်ရွှေဈေးကွက် ပြန်ဖွင့်




ကိုဗစ် ၁၉ ကြောင့် ရက်အတန်ကြာပိတ်ထားခဲ့သော ရန်ကုန်ရွှေဘုံသာ ရွှေဈေးကွက်ကို ယနေ့မေ ၁၈ ရက်မှ စတင်၍ပြန်လည်ဖွင့်လှစ်ပြီ ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းထံမှသိရ သည်။ "ဒီနေ့(မေ ၁၈) စဖွင့်ပြီ။ အကျဈေးနဲ့စဖွင့်တာပေါ့" ဟု ရန်ကုန်တိုင်း ဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့် က မြန်မာတိုင်းမ်သို့ပြောသည်။

လက်ရှိရွှေဈေးကွက်တွင် ကမ္ဘာ့ဈေးနှုန်းများမြင့်တက်နေသော်လည်း ရန်ကုန်ရွှေဘုံသာဈေးကွက်မှာမူ အရောင်းအဝယ် ကျဆင်းနေသည့်အတွက် ဈေးနှုန်းလျော့ကျနေကြောင်း ၎င်းကဆိုသည်။ "ကမ္ဘာ့ရွှေဈေးပေါက်ဈေးနဲ့ဆိုရင် မြန်မာ့ရွှေဈေးက (ကျပ်)ခုနစ်သောင်းလောက် နိမ့်နေတယ်။ ကိုဗစ်ကြောင့် ဒီမှာအရောင်းအဝယ်ကျနေလို့လေ" ဟု ဦးဝင်းမြင့်ကပြောသည်။

ရန်ကုန်ရွှေဈေးကွက်ကို မတ် ၂၉ ရက်က စတင်ပိတ်ခဲ့ပြီး ရွှေအရောင်းအဝယ်လည်း ရက်အတန်ကြာ ရပ်တန့်ခဲ့ရသည်။ သို့သော် မေလဆန်းပိုင်းတွင် ရွှေဆိုင်များပြန်လည်ဖွင့်လှစ်လာခဲ့သည့်အတွက် ရွှေကုန်သည်အချို့၏ ဖွင့်ဈေးဖြင့် ရွှေဆိုင်များက အရောင်းအဝယ်ပြုလုပ်ခဲ့ကြသည်ဟု ရွှေကုန်သည်များကဆိုသည်။ လတ်တလော ရန်ကုန်ရွှေဈေးကွက်အတွင်း ဝယ်လိုသူ နည်းပါးပြီး ရောင်းလိုသူများပြားနေသည့်အတွက် ရွှေဈေးဆက်လက်ကျဆင်းလာနိုင်ခြေရှိသည်ဟု ခန့်မှန်းနိုင်သော်လည်း ကမ္ဘာ့ဈေးမြင့်တက်နေခြင်းကြောင့် ယခုဈေးဖြင့်ပင် ရပ်တန့်နေဖွယ်လည်းရှိကြောင်း ရွှေကုန်သည်များကဆိုသည်။

ကမ္ဘာ့ရွှေဈေးသည် ပြီးခဲ့သည့်ရက်ပိုင်းက တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၄၀ နီးပါးမှ ယခုအခါ တစ်အောင်စ လျှင် အမေရိကန်ဒေါ်လာ ၁၇၆၀ သို့မြင့်တက်နေသည်။ ရန်ကုန်ရွှေဈေးကွက်အဖွင့်ဈေးသည် ၁၆ ပဲရည် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁,၂၃၆,၀၀၀ ဈေးရှိကြောင်း ရန်ကုန်ရွှေဘုံသာရွှေဈေးကွက်အတွင်းမှ သိရသည်။ ဧပြီလ ၁၁ ရက်နေ့က ပိတ်ခဲ့သည့် မန္တလေးရွှေဈေးကွက်ကိုမူ မေလ ၂ ရက်နေ့က ပြန်လည်ဖွင့်လှစ်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/139346.html

## လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်တွင် သွင်းကုန်တင်သွင်းမှုမြင့်တက်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁ ဒသမ ၂ ဘီလျံနီးပါးရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၈၈၀ ကျော် ပိုမိုဖြစ်ပေါ်



လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်တွင် သွင်းကုန်တင်သွင်းမှု ပိုမို မြင့်တက်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁ ဒသမ ၂ ဘီလျံ နီးပါး ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၈၈၀ ကျော်ပိုမို ဖြစ်ပေါ် ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။ ကုန်သွယ်မှုလိုငွေ ဆိုသည်မှာ မြန်မာနိုင်ငံက တင်ပို့သည့်ပို့ကုန်ပမာဏထက် အခြား ပြည်ပမှတင်သွင်းရသည့် သွင်းကုန်ပမာဏပိုများနေခြင်းကို ဆိုလို သည်။

လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၁ ရက်အထိ မြန်မာနိုင်ငံက တင်ပို့ထားသည့် ပို့ကုန်ပမာဏသည် ဒေါ်လာ ၁၀ ဒသမ ၇၁၀ ဘီလျံရှိသည်။ ယခင်နှစ်ကာလတူထက် ဒေါ်လာ သန်း ၆၉၀ ကျော်အထိ ပိုမိုတင်ပို့ထားနိုင်ခဲ့သည်။ သို့သော်လည်း ပြည်ပနိုင်ငံများမှ တင်သွင်းထားသည့် သွင်းကုန်ပမာဏသည် ဒေါ်လာ ၁၂ ဘီလျံနီးပါးရှိသည်။ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁ ဒသမ ၅၇၅ ဘီလျံအထိ မြင့်တက်ခဲ့ကြောင်းသိရသည်။ အဆိုပါကာလအတွင်း ပို့ကုန်/သွင်းကုန်ပမာဏများအား နှိုင်းယှဉ်ကြည့်ပါက သွင်းကုန်ပမာဏသည် ပို့ကုန်ပမာဏထက် ဒေါ်လာ ၁ ဒသမ ၁၉၈ ဘီလျံအထိ ပိုမိုတင်သွင်းထားသည်။ လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်တွင် ကုန်သွယ်မှုလိုငွေမှာလည်း ဒေါ်လာ ၁ ဒသမ ၁၉၈ ဘီလျံအထိ ဖြစ်ပေါ်ခဲ့သည်။ ယခင်နှစ်ကာတူတွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၃၁၄ ဒသမ ၈၃ သန်းသာရှိသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်တွင်ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုလိုငွေသည် ယခင်နှစ် ကာလတူတွင် ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုလိုငွေထက် ဒေါ်လာ ၈၈၄ ဒသမ ၁၅ သန်း ပိုမိုဖြစ်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်တင်ပို့မြင့်တက်လာစေရန် ပို့ကုန်မဟာဗျူဟာများ ရေးဆွဲကာ အကောင်အထည် ဖော်နေသကဲ့သို့ တခြားတဖက်တွင်လည်း ပြည်တွင်းလိုအပ်ချက်များကြောင့် ပြည်ပမှမဖြစ်မနေတင်သွင်းရသည့် ကုန်စည်များ ကိုလည်း လျှော့ချ၍ မရနိုင်သေးသောကြောင့် ကုန်သွယ်မှုလိုငွေ လျော့ကျလာအောင် ဆောင်ရွက်နေသော်လည်း လက်တွေ့တွင် အနည်းငယ်အခက်အခဲများရှိနေသေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကဆိုသည်။ ၂၀၁၈ ဘဏ္ဍာနှစ်ကြားကာ ခြောက်လတွင် စုစုပေါင်းကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၈ ဘီလျံကျော်ရရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ တစ်ဘီလျံကျော်အထိဖြစ်ပေါ်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၄ ဘီလျံရရှိရန် ခန့်မှန်းထားပြီး ပို့ကုန်ကဏ္ဍမှ ဒေါ်လာ ၁၈ ဘီလျံအထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။

**Source:** https://news-eleven.com/article/174032

## ငွေနှင်းမှို စိုက်ပျိုးခြင်းဖြင့် မိသားစုစီးပွားရေး အဆင်ပြေလျက်ရှိ



ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်း အိမ်တွင်းငွေနှင်းမှို စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ မိသားစု စီးပွားရေးအဆင်ပြေလျက်ရှိသည်။ အဆိုပါ ငွေနှင်းမှိုစိုက်ပျိုးသောလုပ်ငန်းသည် အိမ်တွင်းမှာသာ ပြုလုပ်ရသည့်အတွက် ကိုဗစ် - ၁၉ ကာလ stay home နေထိုင်ပြီး စိုက်ပျိုးထုတ်လုပ်နိုင်သောကြောင့် မိသားစုစီးပွားရေးကို အထောက်အကူဖြစ်သည့် လုပ်ငန်းဖြစ်ကြောင်းသိရသည်။ ငွေနှင်းမှို စတင်စိုက်ပျိုးနိုင်ရန်အတွက် လွှစာ၊ ဖွဲနု၊ ပဲဖတ်၊ ပဲဖွဲ၊ သကြား၊ ထုံး၊ ဆားခါးတို့ကို အချိုးကျရောစပ်ပြီး အိတ်ထဲထည့်ကာ လေးနာရီကြာပေါင်းထားပြီး ၁၂ နာရီကြာအောင် အအေးခံကာ မျိုးများကိုထည့်သွင်းပေးရမည်။ မျိုးထည့်သွင်းပြီးသောအထုပ်များကို တစ်လနှင့်တစ်လခွဲအကြာထားရှိပြီးပါက မျိုးထုပ်ကိုရောင်းချခြင်း၊ စိုက်ပျိုးသည့်စင်သို့ ပြောင်းရွှေ့၍ စတင်စိုက်ပျိုးထားနိုင်သည်။

ငွေနှင်းမှို စတင်စိုက်ပျိုးချိန်မှ ငါးရက်အတွင်း မှိုစတင်ထွက်ရှိပြီး သုံးလကြာသည်အထိ ပျိုးထုပ် ၅၀၀ ကို တစ်နေ့လျှင် သုံးပိဿာမှ ငါးပိဿာအကြားထွက်ရှိကြောင်း၊ ဖောက်သည်ဈေးအဖြစ် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ သွင်းရပြီး လက်လီဈေးမှာ ငွေကျပ် ၄၀၀၀မှ ၄၅၀၀ ဖြင့်ရောင်းချရကြောင်း ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်သူ ဦးဘုန်းကျော်မိုးကပြောသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/?__

## မန္တလေးသရက်ဈေးကွက် စိန်တလုံးသရက်အရောင်းသွက်



မြန်မာ့သရက်မျိုးများအနက် စိန်တလုံးသရက်သီးသည် အနံ့အရသာကောင်းမွန်၍ ဈေးကွက်အတွင်း လူကြိုက်များပြီး ရောင်းအားကောင်းလျက်ရှိကြောင်း မန္တလေးမြို့ ၂၉လမ်း၊ ၈၄x ၈၅လမ်းကြား ဈေးချိုဝါးတန်းရပ်ရှိ သစ်သီးပွဲရုံများမှသိရသည်။ အရောင်းသွက် “ သရက်အမျိုးပေါင်းက ၁၃၀ ကျော်လောက်ရှိတယ်။ သရက်သီးရာသီက တန်ခူးလပြည့်ကျော်ပြီးရင် စပြီးလှိုင်လှိုင်ပေါ်တယ်။ စပေါ်ခါစက အကြမ်းသီးပေါ့။ မျိုးသိပ်မကောင်းတဲ့အသီးတွေပေါ်တယ်။ အဲဒါပြီးရင် စိန်တလုံး ထွက်တယ်။ အဲဒီနောက်မှာ ပန်းဆွဲတို့၊ ဟသ်ာတို့စတဲ့အသီးတွေထပ်ပေါ်တယ်။ စိန်တလုံးကတော့ အရသာကောင်းပြီး လူကြိုက်များတော့ အစိုက်များတာပေါ့။ သူ့ဒေသနဲ့ စိုက်တဲ့အချိန်ပေါ်မူတည်ပြီး သီးတဲ့အချိန်က ကွာခြားသွားတော့ ဈေးရတာချင်း မတူတော့ဘူး။ ပလိပ်၊ ကျောက်ဆည်၊ ဟံမြင့်မိုရ် စတဲ့နယ်ပေါင်းစုံက မန္တလေးကိုဝင်တယ်။ သရက်ပင်က နေရာအနှံ့စိုက်နိုင်တော့ ဒေသအနှံ့ကထွက်တယ်။ အချို့ဒေသတွေမှာက အသီးကောင်းမထွက်ဘဲ အကြမ်းသီးပဲထွက်တော့ မန္တလေးကနေ အသီး ကောင်းတွေ ပြန်ပို့ရတယ်။ မန္တလေးဈေးကွက်မှာတော့ စိန်တလုံးသရက်က အရောင်းသွက်တယ်” ဟု နေခြည် သစ်သီးပွဲရုံပိုင်ရှင် ဦးတင်မောင်ထွန်းက ပြောသည်။ “ ဒီနှစ်တော့ အရင်နှစ်ကနဲ့စာရင် သရက်သီး အဝင် များတယ်။

ပြည်တွင်းမှာတော့ မန္တလေးကနေ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ ဟိုပင်၊ မိုးညှင်း၊ ကသာ၊ မြစ်ကြီးနားစတဲ့ နယ်ပေါင်းစုံကို ပို့ရတယ်။ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို နယ်ဘက်တွေကျတော့ အောက်သီးဈေးနည်းတဲ့ အသီးတွေပေါ့၊ ဈေးနည်းနည်းနဲ့ ပြန်ရောင်းလို့ရမယ့် အသီးမျိုးတွေ ပိုဝယ်ကြတယ်။ တရုတ်ဘက်ပို့တာကတော့ ဈေးကွက်က မှန်းမရတော့ တော်ရုံဟိုဘက်မှာ ပွဲရုံအပိုင်မရှိဘဲ မတက်ရဲကြဘူး။ ဒီဘက်က သရက်ခြံတွေက တိုက်ရိုက် ရောင်းကြတယ်။ ပွဲရုံတွေဆီ မလာတော့ဘူး။ မူဆယ်၊ ရွှေလီဘက်ပို့ကြတယ်။ ခါတိုင်း ကားအစီးရေ ၁၀၀ သွားရင် အခု ၅၀၊ ၆၀ လောက်သွားတယ်။ အရင်ကတော့ သူ့ခြံ၊ ကိုယ့်ခြံတက်ရောင်းကြတာပေါ့။ ပို့တဲ့အခါ လမ်းမှာ အထားခံအောင် အမှည့်ဘက်လိုက်တော့မယ့် ရင့်တဲ့ အစိမ်းသီးတွေပဲ ပို့ကြတယ်။ လိုက်လုံးနဲ့ အမှည့်က ဒီဘက်ပွဲရုံတွေကို ပို့တယ်။ သရက်သီးဈေးကတော့ အကြီး၊ အသေး၊ အသီး ကောင်း မကောင်း၊ ပိုးပေါက် ပါ မပါ၊ ကိုင်းပွန်း ပါ/ မပါ စတဲ့ အသီးအနေအထားကိုကြည့်ပြီး တစ်လုံးကို ငွေကျပ် ၅၀–၁၀၀ ကျပ်ကနေ ပုံမှန် ငွေကျပ် ၁၅၀–၃၀၀ အထိ အစားစား ရှိပါတယ်။ ငွေကျပ် ၃၀၀– ၄၀၀ တန် အသီးကောင်းအကြီးသီးကတော့ ပါခဲတယ်။ ဈေးကွက် က ပုံမှန်ပါပဲ။ အကောင်းချည်းပဲလည်း မဟုတ်သလို၊ မကောင်းတဲ့ဘက်လည်း မရောက်ပါဘူး” ဟု ၎င်းကဆက်လက်ပြောသည်။

သရက်သီးများကို တောင်းများဖြင့် ဈေးကွက်အတွင်း ပုံမှန်တင်ပို့လျက်ရှိပြီး တစ်တောင်းလျှင် အသီးအကြီး အသေးပေါ်မူတည်၍ အကြီး ၁၄၀ မှ ၁၅၀ အကြား၊ အလတ် ၁၂၀ မှ ၁၃၀ အကြား၊ အသေး ၁၈၀ မှ ၂၀၀ အကြား ပါဝင်ကာ ပွဲရုံများက တောင်းပြတ်ရောင်းချကြောင်းသိရ သည်။ “ အခက်အခဲကတော့ ရာသီဥတု ဖောက်ရင်လည်း သရက်သီးက အထွက်နည်းတယ်။ အခု ညမထွက်ရ ဒေသန္တရအမိန့်တွေ ထုတ်ထားတာရယ်၊ ဈေးတွေမှာလည်း အချိန်အကန့်အသတ်နဲ့ ရောင်းရတာတွေရှိတော့ ကုန် အဝင်အထွက်က မမျှဘူး၊ ကုန်အသစ်အဟောင်းက မျှမျှတတမလည်နိုင်ဘူး။ ညပိုင်းသာ ဝင်မယ်ဆိုရင် မနက် စောစောဆို အသီးကတော်တော်များများပြတ်ပြီ လက်ကျန်လေးပဲ ဆက်ရောင်းရုံပဲ။ ညပိုင်းကျတော့ အသီးအသစ်ထပ်ဝင်။ အဲဒီလို အဟောင်းအသစ် ဖလှယ်နိုင်တယ်။ လက်လီပြန်ရောင်းတဲ့ ဈေးသည်ကလည်း အချိန်အကန့် အသတ်နဲ့ရောင်းရတော့ ကုန်ကို တိုင်းဝယ်ကြတယ်။ ကုန်စိမ်းဆိုတော့ အထားခံတဲ့ ကုန်မဟုတ်ဘူး။ ကိုယ်ပြန် ရောင်းရမယ့်အချိန်နဲ့ ရောင်းနိုင်မယ့်အင်အားနဲ့ပဲ ချိန်ဝယ် ကြတော့တယ်။ အဓိက လက်လီသည်တွေ အားထားရောင်းရတာဆိုတော့ ကိုယ်က အချိန်ပြည့်ဖွင့်လို့ရပေမယ့် သူတို့က မထွက်ရရင် ကိုယ်လည်းမရောင်းရဘူး။ အချို့ဒေသတွေမှာတော့ သရက်သီးကို တာရှည်ခံ စားသောက်ကုန်တွေအဖြစ် ပြုပြင်ထုတ်လုပ်တာရှိတယ်။ နည်းပညာအရရော၊ နိုင်ငံတကာကို ထိုးဖောက်နိုင်တဲ့အထိ ပြင်ဆင်ထုတ်လုပ်နိုင်မှုမရှိတာကြောင့် ပြည်တွင်းမှာတင် ဝယ်လိုအားနည်းတဲ့အတွက် သိပ်မတွင်ကျယ်ပါဘူး။ အခုလက်ရှိတော့ သက်ဆိုင်ရာကထုတ်ပြန်ထားတဲ့ စည်းကမ်းတွေအတိုင်းပဲ အရောင်းအဝယ်လုပ်နေပါတယ်” ဟု ၎င်းကဆက်လက်ပြောသည်။ “ အရွက်မှာ လက်ဖက်၊ အသီးမှာ

သရက် ” ဆိုသကဲ့သို့ မြန်မာလူမျိုးများသာမက အိမ်နီးချင်းတိုင်းပြည်များနှင့် နိုင်ငံတကာကြိုက်နှစ်သက်ကြပြီးအနံ့အရသာနှင့်ပြည့်စုံသည့် မြန်မာ့သရက်မျိုး စိန်တလုံးကို နည်းစနစ်ကျနစွာဖြင့် သဘာဝအတိုင်း အော်ဂဲနစ်အဖြစ် ယခုထက် ပိုမိုတွင်ကျယ်စွာ စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတကာဈေးကွက် သို့ ထိုးဖောက်တင်ပို့နိုင်ခြင်းဖြင့် တိုင်းပြည်၏ ထုတ်ကုန် အမှတ်တံဆိပ်တစ်ခုကို အခိုင်အမာရရှိကာ နိုင်ငံခြားဝင်ငွေ တိုးတက်ရေးကို တစ်ဖက်တစ်လမ်းကအထောက်အကူပြု နိုင်မည်ဖြစ်သည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/photos/a

## ခါတုလျှော့ချနည်းဖြင့် စိုက်ပျိုးသည့် ဟင်းသီးဟင်းရွက် သီးနှံများ၊ သရက်၊ ပဲတီစိမ်းနှင့် နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်း



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းပြီး အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိသော ဓါတုလျှော့ချစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်များ၊ သရက်၊ ပဲတီစိမ်းနှင့်နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်အမာကြည်ကပြောသည်။

သရက်၊ ပဲတီစိမ်း၊ နှမ်း၊ ဟင်းသီးဟင်းရွက်စသည့် သီးနှံ ဓါတုလျှော့ချစိုက်ပျိုးခြင်း နည်းလမ်းများဖြင့် စိုက်ပျိုးထုတ်လုပ်ကာ စားသုံးသူ အများဆုံးရှိရာ မုံရွာမြို့ပေါ်ဈေးများနှင့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်သည့် ကျေးရွာများနှင့် အနီးဆုံးနေရာများတွင် အစားအစာအဆိပ်သင့်မှုအနည်းဆုံးနှင့် အာဟာရရရှိစေနိုင် မည့် Food Safety Market ဈေးကွက်တွင် ပြန်လည်ရောင်းချရန်ဖော်ဆောင်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ “အခု သုံးရက်တစ်ကြိမ် ခူးဆွတ်ပြီး ဖောက်သည်စနစ်၊ ကိုယ်တိုင် ဈေးကိုသွားပြီး ရောင်းတဲ့စနစ်တွေနဲ့ လုပ်ဆောင်နေတယ်။ ဓါတုလျှော့ချ စိုက်နည်းစနစ်က အထွက်နှုန်း အနည်းငယ်လျော့ကျပေမယ့် စားသုံး တဲ့သူတွေ ဘေးကင်းလုံခြုံမှုရှိတဲ့အတွက် ကြိုက်ပါတယ်။ ဓါတု လျှော့ချ သီးနှံဈေးကွက်တစ်ခု ပေါ်ပေါက်လာမယ်ဆိုရင်တော့ ပိုပြီးတော့ အဆင်ပြေမှာဖြစ်ပါတယ်။ အခု တော့ စားသုံးသူတွေက စိတ်ဝင်စားမှု နည်းနေသေးတယ် ” ဟု မုံရွာမြို့နယ် သစ်ဆိမ့်ကျေးရွာမှ ဓါတုလျှော့ချ စိုက်နည်းစနစ်ဖြင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသူ ဒေါ်အေးအေးနွယ်ကပြောသည်။

မုံရွာမြို့နယ်အတွင်း အစားအစာအဆိပ်သင့်မှုအနည်းဆုံးနှင့် အာဟာရရရှိစေနိုင်မည့် Food Safety Market ဈေးကွက် ပေါ်ထွက်ရန် မြို့နယ် အတွင်းရှိ ကျေးရွာကိုးရွာတွင် ဓါတု လျှော့ချနည်းဖြင့် ဟင်းသီးဟင်းရွက် ၂၂ မျိုးကို တောင်သူ ၂၅ ဦးက ၃၅ ဒသမ ၃၅ ဧကတွင်လည်းကောင်း၊ တောင်သူ ၁၂ ဦးက ပဲတီစိမ်းကို ဧက ၅၀ အကျယ်တွင်လည်းကောင်း၊ တောင်သူ ခုနစ်ဦးက ၂၅ ဧကတွင်လည်းကောင်း၊ သရက်သီးနှံကို ငါးဧကတွင် တောင်သူတစ်ဦးကလည်းကောင်း စိုက်ပျိုးထုတ်လုပ် လျက်ရှိသည်။

**Source:** https://www.facebook.com/

## ဘုရင့်နောင်ဈေးကွက်တွင် မီးဖိုချောင်သုံးကုန်စည်အများစု ဈေးနှုန်းထပ်မံကျဆင်း

ရန်ကုန်ဘုရင့်နောင်ဈေးကွက်တွင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်၊ သကြားဈေးနှုန်းများ ထပ်မံ ကျဆင်းနေသည်ဟု နေ့စဉ်ဈေးနှုန်းများ၊ ပွဲရုံနှင့် ကုန်အဝယ်တော်များထံကသိရသည်။မေ ၁၆ ရက်က ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီ တစ်ပိဿာ လက်ကားဈေး ဆိပ်ဖြူ ငွေကျပ် ၅၀၀-၅၇၅-၅၂၅-၅၀၀ ၊ အောင်လံ ငွေကျပ် ၃၇၅- ၄၅၀-၄၅၀-၃၅၀၊ မြင်းခြံ (ကံဆင့်) ငွေကျပ် ၅၀၀-၅၅၀-၅၇၅-၅၂၅ နှုန်း ရှိကြောင်းသိရသည်။ မေ ၁ ရက်တွင် ရန်ကုန်ဈေးကွက် သို့ နယ်စုံ ကြက်သွန်နီ ပိဿာချိန် ၉၆၀၀၀ သာ ဝင်ရောက်သည်။ မေ ၁၁ ရက် တနင်္လာနေ့တွင် ကြက်သွန်နီ ပိဿာချိန် ၂၁၀၀၀၀ ဝင်ရောက်ပြီး မေ ၁၂ ရက်မှ ၁၅ ရက်အထိ နေ့စဉ်ပိဿာချိန် ၁၀၈၀၀၀ သာဝင်ရောက်သည်။ ပုံမှန်ဝင်ရောက်နေသည့်ပမာဏထက်များစွာလျော့နည်း

နေသော်လည်း ရန်ကုန်ဈေးကွက်အတွင်း ဝယ်လိုအားသိသာစွာကျနေဆဲဖြစ်၍ ကြက်သွန်နီဈေးနှုန်းများ ဈေးနှုန်းအနိမ့်တွင်သာရှိနေသည်ဟု အဝယ်တော်တစ်ဦးကပြောသည်။



အောင်ပန်းနှင့် ဟဲဟိုးအာလူးများ ဝင်ရောက်မှု ယခုရက်ပိုင်းတွင် များ လာရာ ဝယ်လိုအားမှာ ကြက်သွန်နီကဲ့သို့ အာလူးသည်လည်း ဝယ်အားနည်းနေသဖြင့် ဈေးကျလာရာ မေ ၁၆ ရက်တွင် အာလူးလက်ကား တစ်ပိဿာ ငွေကျပ် ၅၀၀-၆၅၀-၆၃၀-၅၀၀ နှုန်းသာ ရှိသည်ဟု ရေတမာလမ်း အာလူးပွဲရုံက သိရသည်။ မေ ၁၆ ရက် တွင် အောင်ပန်း ရှမ်းကြက်သွန်ဖြူအသစ် လက်ကား တစ်ပိဿာ ငွေကျပ် ၁၆၅၀-၁၉၀၀-၂၁၀၀-၂၃၀၀ ၊ ကြူကုတ်ကြက်သွန်ဖြူ လက်ကား တစ်ပိဿာ ငွေကျပ် ၁၃၇၅ နှုန်း ရှိသည်။

မေ ၁၆ ရက်က ဟသ်ာတ နယ်ထွက် အိန္ဒိယရေတ်ရှည်လက်ကား တစ်ပိဿာ ငွေကျပ် ၃၀၀၀၊ မြစ်ဝ ကျွန်းပေါ် ရေတ်ရှည် ငွေကျပ် ၂၅၀၀- ၂၈၀၀၊ မိုးထောင်ရေတ်တစ်ပိဿာ ငွေကျပ် ၃၃၀၀ နှုန်းရှိသည်ဟု ရေတ်ဈေးကွက်ကသိရသည်။ ပြည်တွင်း သကြားစက်ရုံများမှ ထွက်ရှိသော ပြည်တွင်းသကြားများမှာ ယခင်ရက်ပိုင်းတွင် လက်ကား တစ်ပိဿာ ငွေကျပ် ၉၄၀ ရှိသော အမျိုးအစားမှာ မေ ၁၆ရက်တွင် ငွေကျပ် ၉၀၀ သာရှိသည်။ ပြည်တွင်းတွင် ယခုလပိုင်း သကြားသုံးစွဲမှုသိသာစွာ ကျဆင်းခြင်း၊ ပြည်ပသို့အပို့နည်းခြင်းတို့ကြောင့် ဈေးနှုန်းကျဆင်းနေကြောင်း သကြားရောင်းချသည့် ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပုံမှန်ဖြစ်နေပြီး သီးနှံကုန်စည်အများစုမှာ အသစ်ထွက်ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများ ကျဆင်းနေရာ လှောင်သမားများအနေဖြင့် ကုန်လှောင်ရန်ပြင်ဆင်နေကြသည်ဟု ရေတ်နှင့်ကြက်သွန်နီဈေးကွက်မှ သိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ပဲတီစိမ်းနှင့်နှမ်းသီးနှံများအတွက် သင့်လျော်သော ရေသွင်းနည်းစနစ် ရှာဖွေခြင်း သုတေသနဆောင်ရွက်



စစ်ကိုင်းတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးသုတေသနဗဟိုဌာန (RRC) က စိုက်ပျိုးတောင်သူများနှင့်အတူပူးပေါင်းကာ သုတေသနနှင့် နည်းပညာများရှာဖွေလျက်ရှိရာ အပြန်အလှန်အကျိုးပြုစေမည့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ယင်းမာပင်မြို့နယ် ငါးမောင်းကျေးရွာ တောင်သူပိုင်စိုက်ခင်းတွင် ပဲတီစိမ်းနှင့်နှမ်းသီးနှံများအတွက် သင့်လျော်သော ရေသွင်းနည်းစနစ်ရှာဖွေခြင်းသုတေသန စမ်းသပ်ကွက်များကို ၂၀၂၀ ပြည့်နှစ် မိုးကြိုရာသီသုတေသနအဖြစ် စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ သုတေသနတွင် ရေဆင်း-၁၄ ပဲတီစိမ်းမျိုး နှင့် ဆင်းရတနာ -၁၄ နှမ်းမျိုးတို့ကိုအသုံးပြုစိုက်ပျိုးထားပြီး စမ်းသပ်ချက်များအနေဖြင့် အစက်ချရေပေးသွင်းနည်းစနစ်၊ ရေမြွှားစနစ်၊ ရေပေးသွင်းနည်းစနစ်နှင့် မြောင်းဖော်ရေပေးနည်းစနစ် (တောင်သူ သမားရိုးကျနည်း)တို့ဖြင့် အကွက်ကျယ်သုတေသနပြု ဆောင်ရွက်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဒေသဖွံ့ဖြိုးရေး သုတေသနဗဟိုဌာန (RRC) တာဝန်ခံ ဦးမြင့်စိုးထံကသိရသည်။ “ကျွန်တော်တို့ဌာနအနေနဲ့ ဒေသခံတောင်သူတွေမှာ လိုအပ်နေတဲ့သုတေသနနဲ့ နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို တောင်သူတွေပူးပေါင်းပါဝင်ပြီး စီမံအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း စိုက်ပျိုးထုတ်လုပ်မှုမြင့်မားစေဖို့နဲ့ တောင်သူတွေရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဘက်ပေါင်းစုံ ပေါင်းစပ်ပါဝင်တဲ့ နည်းစနစ်နဲ့ တောင်သူတွေရဲ့ပြဿနာတွေကို သုတေသနပညာရှင်များက လက်တွေ့ကွင်းဆင်းပြီး ဖြေရှင်းနိုင်ဖို့ သုတေသနနဲ့ နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်”ဟု ၎င်းကဆက်ပြောသည်။

အဆိုပါသုတေသနမှ ပဲတီစိမ်းနှင့် နှမ်းသီးနှံအတွက် စိုက်ပျိုးရေချွေတာနိုင်ပြီး စိုက်ပျိုးသီးနှံအတွက် အကျိုးရှိသောစိုက်ပျိုးနည်းစနစ်နှင့် ရေပေးသွင်းနည်းစနစ်များကို ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းနှင့် နှမ်းသီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် အကျိုးပြုမည့်သုတေသနဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ဖြူးချောင်းဆည်ရေဖြင့် သုံးသီးစားစမ်းသပ်စိုက်ပျိုးမှုအောင်မြင်



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ကျီးမနိုးကျေးရွာအုပ်စု၊ ချင်းခင်ကျေးရွာအုပ်စုနှင့် ကျီးရိုးကျေးရွာအုပ်စုတို့တွင် ဖြူးချောင်းဆည်ရေဖြင့် သုံးသီးစား စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ခဲ့ကြောင်းသိရသည်။ အဆိုပါ ကျေးရွာအုပ်စုသုံးအုပ်စုတွင် ဧက ၁၅၀၀ ကို မိုးစပါး၊ ဆောင်းပဲတီစိမ်း၊ နွေစပါးတို့ကို တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း တောင်သူများထံမှ သိရသည်။ လူငယ့်အားမာန်စိုက်ပျိုးရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးထွန်းလှိုင်က ယခင်နှစ်က ၁၅ ဧကစမ်းသပ်စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၃၀ စိုက်ပျိုးခဲ့ကြောင်း၊ ဖြူးဆည်ရေသောက်စနစ်ကြောင့် ဝင်ငွေတိုးခဲ့ကြောင်း၊ နောင်နှစ်တွင်လည်း ဧက ၃၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်းပြောသည်။ ယခုပဲတီစိမ်းရိတ်သိမ်းပြီး တတိယသီးနှံအဖြစ် စိုက်ပျိုးထားသော နွေစပါးများကိုလည်း ယခုတစ်ပတ်အတွင်းရိတ်သိမ်းမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောပြသည်။

ဖြူးချောင်းဆည်ရေပေးဝေရေးဌာနမှ ဖြူးမြို့နယ် ကျေးရွာအတွင်းသို့ လက်ဝဲမြောင်းမကြီး၊ လက်ယာမြောင်းမကြီးတို့ဖြင့် လယ်ယာမြေများသို့ ရေပေးဝေလျက်ရှိကြောင်း၊ ဖြူးချောင်းဆည်မှရေများဖြင့် လယ်ဧက ၅၀၀၀ ကျော်စိုက်ပျိုးနိုင်ကြောင်း၊ နောင်နှစ်တွင် လယ်ဧကအပြည့် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများကို တိုက်တွန်းစည်းရုံးသွားမည်ဖြစ်ကြောင်း ဖြူးမြို့နယ် ဆည်မြောင်းရေပေးဝေရေးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်ဇော်ကပြောသည်။ ဆည်ရေသောက်စနစ်ပြီးစီးသည့် နေရာများမှ တောင်သူများအနေဖြင့် ယခုကဲ့သို့ သုံးသီးစားစမ်းသပ်စိုက်ပျိုးနိုင်သည့်အတွက် မြေမတိုးသော်လည်း ဝင်ငွေတိုးကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ဝါးအုပ်ဆောင်းလုပ်ငန်းလုပ်ကိုင်သူများ ကိုဗစ် -၁၉ ကာလအတွင်း အရောင်းမထွက်၍ မိသားစုဝင်ငွေအခက်အခဲဖြစ်နေ



စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မြင်းပေါက်ကျေးရွာတွင် ဝါးအုပ်ဆောင်းပြုလုပ်သူ လုပ်ငန်းရှင်များ ကိုဗစ် -၁၉ ကာလအတွင်း ဈေးရောင်းမထွက်ရ၍ မိသားစုဝင်ငွေအခက်အခဲ ဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။ ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေး ကာလအတွင်း အုပ်ဆောင်းတစ်လုံးမှ မရောင်းရသည့်အတွက် မိသားစုဝင်ငွေ အခက်အခဲကြုံတွေ့နေရမှုနှင့်ပတ်သက်၍ “ မြင်းပေါက်ကျေးရွာမှာ ဝါးအုပ်ဆောင်းရက်တဲ့လုပ်ငန်းလုပ်ကိုင်သူ ၆၀ ခန့်ရှိပြီး ကျေးရွာ ထုတ်ကုန်တစ်မျိုးအဖြစ် တန့်ဆည်၊ ဒီပဲယင်း၊ ခင်ဦး၊ ရွှေဘိုနယ်အထိ ဖြန့်ဖြူး ရောင်းချလျက်ရှိပါတယ်၊ နှစ်စဉ်ဒီကာလမှာ အုပ်ဆောင်းလုပ်ငန်းက အဆင်ပြေနေတဲ့ကာလပါ၊ ရောင်းကောင်းတယ်၊ တစ်ရက်ကို ဝင်ငွေ ကျပ် ၂၀၀၀၀ ခန့်ရှိတယ်၊ ကလေးတွေ ကျောင်းထားစရိတ်ပူစရာမလိုဘူး၊ ဒီနှစ်မှာတော့ ဖောက်သည်ယူ နယ်လှည့်ရောင်းတဲ့သူတွေ မလာကြတဲ့အတွက် မိသားစုဝင်ငွေပြတ်သလိုဖြစ်လာပြီ။ အလားတူ နယ်လှည့်ရောင်းတဲ့ ဈေးသည်မိသားစုတွေလည်းဝင်ငွေမရှိ အခက်အခဲဖြစ်နေကြမှာပါပဲ"ဟု အုပ်ဆောင်းလုပ်ငန်းရှင် ဒေါ်ရွှေဝါက ပြောကြားသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ငဖဲမြို့နယ်၌ ကော်ဖီစိုက်ဧက ၁၄၂၁ ဒသမ ၃၆ ဧက အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် တောင်ပေါ်ဒေသတွင်ကော်ဖီစိုက်ဧက ၁၄၂၁ ဒသမ ၃၆ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။ ငဖဲမြို့နယ် တောင်ပေါ် (နတ်ရေကန်)ဒေသသည် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၃၈၁၉ ပေတွင် တည် ရှိပြီး ကော်ဖီ၊ လက်ဖက်၊ ထောပတ်၊ ကမ္ဘလာ၊ ရှောက်ချို၊ ငှက်ပျောစသည့် နှစ်ရှည်သီးနှံပင်များကို အများဆုံးစိုက်ပျိုးကြသည်။ ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ နတ်ရေကန် (ကော်ဖီခြံ) တွင် အာရေဗီးကား (ဗီယက်နမ်)မျိုးကုန်းမြင့်ကော်ဖီ ၂၉ ဒသမ ၃၆ ဧကစိုက်ပျိုးထားပြီး တောင်ပေါ်ဒေသကျေးရွာများတွင် ပုဂ္ဂလိက စိုက်ဧက ၁၃၉၃ ဧကစိုက်ပျိုးထားသည်။

အရည်အသွေးမြင့် ရောင်းတန်းဝင်ကော်ဖီအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တောင်သူနည်းပညာပေးသင်တန်း နှစ်ကြိမ်နှင့် ကွင်းသရုပ်ပြပွဲသုံးကြိမ် သင်ကြားပြသပေးကြောင်း၊ နှစ်စဉ်ကော်ဖီစိုက်ဧကတိုးတက်ခဲ့ပြီး အထွက်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ၄၅ တန်နီးပါးထွက်ရှိပြီး နှစ်စဉ် သိန်း ၁၅၀၀ ခန့် တောင်သူများဝင်ငွေရရှိကြောင်း၊ ကော်ဖီပင်နှင့်ဆက်စပ်၍ ထောပတ်၊ ဝဥ၊ လိုက်ချီး၊ လက်ဖက်နှစ်ရှည်သီးနှံပင်များ ကြားညှပ်စိုက်ပျိုးကြ၍ တောင်ပေါ်ဒေသခံပြည်သူများ မိသားစုစားဝတ်နေရေး အဆင်ပြေကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလတွင် ဌာနအနေဖြင့် တစ်ပတ်လျှင် ကျေးရွာသုံးရွာမှ တောင်သူများအား တစ်ရက်လျှင် နှစ်ဦးနှုန်းခေါ်ယူ၍ ကော်ဖီမြေပြုပြင်ခြင်း၊ စိုက်ကျင်းတူးခြင်း၊ ရေခံတာ းကျင်းများဆောင်ရွက်ခြင်း၊ သဘာဝမြေဩဇာပြုလုပ်နည်းများ သင်ကြားပြသပေးကြောင်း၊ ယခုနှစ်မိုးရာသီအမီ တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် ကော်ဖီခြံတွင် ကော်ဖီပင်နှင့်အခြားအရိပ်ရပျိုးပင် ပေါင်း ၆၀၀၀၀ ကျော် ပျိုးထောင်ထားရှိပြီး အချိန်မီ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ကော်ဖီခြံတာဝန်ခံ ဦးဇော်သိန်းကပြောသည်။

ငဖဲမြို့နယ် နတ်ရေကန်(ကော်ဖီခြံ)မှ တစ်နှစ်လျှင် ကော်ဖီစေ့ ၂ ဒသမ ၅ တန်နှင့် ပုဂ္ဂလိကစိုက်ခင်းများမှ ၄၂ ဒသမ ၅ တန် စုစုပေါင်း ၄၅ တန် ထွက်ရှိပြီး ယင်းကော်ဖီများကို ရွာငံ၊ ရေနံချောင်းနှင့် ပြင်ဦးလွင်မြို့နယ် ဈေးကွက်များသို့ တစ်တန်လျှင် သိန်း ၃၀ နှုန်းဖြင့် တင်ပို့ရောင်းချရကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ဘယ်လ်ဂျီယံကုမ္ပဏီများက အလုပ်သမား (၂)သိန်း နီးပါးအား ထုတ်ပယ်နိုင်ဖွယ်ရှိခြင်း

ဘယ်လ်ဂျီယံနိုင်ငံ၊ အစိုးရပိုင်းမှ ကျွမ်းကျင်သူအဖွဲ့ Economic Risk Management Group (ERMG) မှ ကောက်ယူခဲ့သည့် စစ်တမ်းအရ ဘယ်လ်ဂျီယံကုမ္ပဏီများအနေဖြင့် အလုပ်သမားများအား ထုတ်ပယ်သွားရန်အစီအစဉ်ရှိနေကြောင်း၊ ယင်းစစ်တမ်းအရ လုပ်သားအရေအတွက် (၂) သိန်းနီးပါးသည် အလုပ်အကိုင်ဆုံးရှုံးနိုင်ဖွယ်ရှိနေကြောင်း၊ ERMG အနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် အသွားအလာကန့်သတ်မှုများ၏ စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုအပါအဝင် ကုမ္ပဏီစုစုပေါင်း (၂၆၇၅) ခုအား စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

အဆိုပါစစ်တမ်းကို ဧပြီလ (၅) ရက်နေ့တွင် ကောက်ယူခဲ့ခြင်းဖြစ်ပြီး၊ ယာယီအလုပ်လက်မဲ့ အစီအစဉ်ရယူခဲ့သည့် ကုမ္ပဏီများကို ကောက်ယူခဲ့မှုအရ ကုမ္ပဏီ(၅) ခုလျှင် (၁) ခုမှာ အဆိုပါ အစီအစဉ်အဆုံးသတ်ချိန်တွင် ဝန်ထမ်းလျှော့ချနိုင်ဖွယ်ရှိနေသည်ဟု ဖြေကြားခဲ့ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အမျိုးသားအလုပ်အကိုင်ရုံး၏ ခန့်မှန်းချက်အရ လက်ရှိတွင် အလုပ်သမား ဦးရေ (၉၀၀၀၀) ခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ပြီး၊ ကာလတိုအတွင်း အလုပ်သမားဦးရေ (၁၈၀၀၀၀) ခန့်သည် အလုပ်အကိုင် ဆုံးရှုံးနိုင်ဖွယ်ရှိသည်ဟု ERMG ကပြောကြားခဲ့ကြောင်း၊ ယင်းပမာဏမှာ ပုဂ္ဂလိကကဏ္ဍရှိ အလုပ်သမားအရေအတွက်စုစုပေါင်း၏ (၆) ရာခိုင်နှုန်းနီးပါးရှိသည်ဟု ERMG က ရေးသားဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

စစ်တမ်း၏ ရလာဒ်များအရ ကုမ္ပဏီများအနေဖြင့် နေးကွေးစွာဖြင့် ပြန်လည်ထူထောင်လျက် ရှိနေကြပြီး၊ ကပ်ရောဂါ၏ ရိုက်ခတ်မှုမတိုင်မီကာလနှင့်နှိုင်းယှဉ်ပါက ဝင်ငွေ (၂၉) ရာခိုင်နှုန်း ကျဆင်း ခဲ့ကြောင်း၊ လုပ်ငန်းကဏ္ဍကွဲပြားမှုအပေါ် မူတည်၍ စီးပွားရေးလုပ်ငန်းပြန်လည်ကောင်းမွန်လာမှုအပိုင်းတွင်လည်း ခြားနားမှုရှိသည်ကိုတွေ့ရကြောင်း၊ ကုန်သွယ်မှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ သည် ပြန်လည်နိုးထမှုအားကောင်းနေသော်လည်း အိမ်ခြံမြေလုပ်ငန်း၊ အိုင်တီနှင့် ဆက်သွယ်ရေး ကဲ့သို့သောကဏ္ဍများရှိ လုပ်ငန်းများမှာရပ်တန့်နေကြောင်း၊ စားသောက်ဆိုင်များနှင့် အစားအသောက်လုပ်ငန်းများ ပိတ်သိမ်း ထားရခြင်းကြောင့် ကုန်စည်ကွင်းဆက်တွင် အဟန့်အတားဖြစ်ပေါ်ခဲ့ရသဖြင့် စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍတွင်လည်း အကျပ်အတည်း၏ ရိုက်ခတ်မှုရှိခဲ့ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဖလန်းဒါးရှိ ဝက်မွေးမြူသည့် လယ်သမားများအနေဖြင့်လည်း ၎င်းတို့၏ ဝက်များ အားသားသတ်ရုံသို့ ပေးပို့နိုင်ခြင်းမရှိသောကြောင့် မွေးမြူသည့်ဝက်များထားရန် နေရာအခက်အခဲဖြစ်ပေါ်လျက် ရှိသဖြင့် အစိုးရထံသို့ အကူအညီတောင်းခံချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

စစ်တမ်းကောက်ယူခဲ့သည့် ကုမ္ပဏီများအားလုံး၏ (၇) ရာခိုင်နှုန်းဝန်းကျင်က ၎င်းတို့အနေဖြင့် ဒေဝါလီခံရနိုင်ချေ ရှိနေသည်ဟုဖော်ပြကြကြောင်း၊ အနုပညာလုပ်ငန်းနှင့် ဖျော်ဖြေရေးလုပ်ငန်းများအတွက် ဒေဝါလီခံရနိုင်ချေရှိမှုသည် (၂၈) ရာခိုင်နှုန်းသို့မြင့်တက်လာကြောင်း၊ စားသောက်ဆိုင်နှင့် ဧည့်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများရှိ ကုမ္ပဏီများ၏ (၁၉) ရာခိုင်နှုန်းမှာ အကျပ်အတည်း၏သက်ရောက်မှုအဖြစ် ဒေဝါလီခံရမည်ကို စိုးရိမ်မှုရှိကြကြောင်း၊ လက်ရှိအချိန်တွင် အသွားအလာ ကန့်သတ် ချက်များ တစ်ဆင့်ချင်းဖြေလျှော့နေမှု၏ သက်ရောက်မှုကိုသိရှိရန် စောလွန်းနေသေးသည်ဟု ERMG က ယင်း၏ အစီရင်ခံ စာတွင် ပြောကြားထားကြောင်း၊ စီးပွားရေးပြန်လည်စတင်မှုကိုတစ်ဆင့်ချင်းဆောင်ရွက်နေသော်လည်း ပြန်လည်နိုးထရန်မှာ အချိန်ယူရနိုင်ကြောင်း၊ စစ်တမ်းအရကုမ္ပဏီများ၏ (၆၀) ရာခိုင်နှုန်းအတွက် စီးပွားရေးပြန်လည် နိုးထနိုင်ရေး အဓိက အတားအဆီးမှာ ဝယ်လိုအားအလုံအလောက်မရှိခြင်းဖြစ်သည်ဟု ERMG ၏ အစီရင်ခံစာတွင်ဖော်ပြထားကြောင်း သိရှိရ ပါသည်။

**Source: ဘရပ်ဆဲလ်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## ယာယီအလုပ်လက်မဲ့ဖြစ်မှု အထောက်အပံ့အစီအစဉ်အပေါ် အီးယူအဖွဲ့ဝင်နိုင်ငံများ သဘောတူညီမှုရရှိ

ယာယီအလုပ်လက်မဲ့ဖြစ်မှုအထောက်အပံ့ပေးရေးအစီအစဉ်အတွက် ချေးငွေ ယူရို (၁၀၀) ဘီလီယံအထိ အသုံးပြုမည့် ဥရောပကော်မရှင်၏ စီမံကိန်းအပေါ် အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘောတူညီခဲ့ကြကြောင်း၊ Support to mitigate Unemployment Risks in an Emergency (SURE) အမည်ရှိ အဆိုပါ စီမံကိန်းသည် အီးယူ၏ ဘဏ္ဍာရေးဝန်ကြီးများအကြား ဧပြီလ အစောပိုင်း တွင် သဘောတူညီခဲ့ကြသည့် safety nets (၃) ခုအနက် တစ်ခုဖြစ်ကြောင်း၊ အခြား safety nets (၂) ခုမှာ ဥရောပတည်ငြိမ်မှုရှိရေးလုပ်ငန်းစဉ် (European Stability Mechanism-ESM) မှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအား ချေးငွေ ပေးအပ်ခြင်းနှင့် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ် (European Investment Bank-EIB) မှတစ်ဆင့် ကုမ္ပဏီလုပ်ငန်းများအား အာမခံပေးခြင်းတို့ဖြစ်ကြကြောင်း၊ စုစုပေါင်းတန်ဖိုး အားဖြင့် ယူရို (၅၄၀) ဘီလီယံရှိကြောင်းသိရှိရပါသည်။

အဆိုပါအစီအစဉ်ကို လာမည့် ဇွန်လ(၁) ရက်နေ့မှစတင်ဆောင်ရွက်မည်ဖြစ်ပြီး၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစတင် သည့် ငွေကြေးသုံးစွဲမှုများအထိ အကျုံးဝင်မည်ဖြစ်ကြောင်း၊ SURE အစီ အစဉ်ဖြင့် ဥရောပကော်မရှင်သည် အီးယူကိုယ်စား နိုင်ငံတကာအရင်းအနှီးဈေးကွက်တွင် ရန်ပုံငွေမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ချေးငွေများအား အီးယူဘတ်ဂျက်နှင့် အဖွဲ့ဝင်နိုင်ငံများက ၎င်းတို့၏ Gross National Income ဝေစုအလိုက် ပံ့ပိုးပေးထားသည့် အာမခံပေးမှုများဖြင့် ပေးအပ် သွားမည်ဖြစ်ကြောင်း၊ အာမခံပမာဏ စုစုပေါင်းအနေဖြင့် ယူရို (၂၅) ဘီလီယံရှိကြောင်း၊ အဆိုပါအစီအစဉ်အား ၃၁-၁၂-၂၀၂၂ အထိ ဆောင်ရွက်မည်ဖြစ်ပြီး၊ COVID-19 ကပ်ရောဂါကြောင့် စီးပွားရေး အပေါ် ပြင်းထန်သည့်ထိခိုက်မှုများ ထပ်မံဖြစ်ပေါ်ခဲ့ပါက ဆက်လက်သက်တမ်းတိုးနိုင်ဖွယ်ရှိကြောင်း သိရှိရပါသည်။

**Source: ဘရပ်ဆဲလ်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## အိန္ဒိယနိုင်ငံ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ထပ်တိုးမတ်ပဲတန်ချိန် ၂.၅ သိန်း တင်သွင်းခွင့်ကာလ ထပ်မံတိုးမြှင့်သတ်မှတ်ခြင်း

အိန္ဒိယနိုင်ငံအစိုးရသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် မတ်ပဲတန်ချိန် ၂.၅ သိန်းအား တိုးမြှင့် တင်သွင်းခွင့်ပြုထားရာတွင် ၎င်းမတ်ပဲများ နောက်ဆုံးထားတင်သွင်းရမည့်ကာလအား ၃.၃.၂၀၂၀ နေ့တွင် ကုန်သွယ်ရေး အသိပေးချက်အမှတ် ၅၄/၂၀၁၉-၂၀ ဖြင့် ၃၀.၄.၂၀၂၀ ရက်နေ့ အထိလည်းကောင်း၊ တစ်ဖန် ၁၆.၄.၂၀၂၀ ရက်နေ့၌ ကုန်သွယ်ရေးအသိပေးချက်အမှတ် ၀၄/ ၂၀၂၀-၂၁ ဖြင့် ၁၅.၅.၂၀၂၀ ရက်နေ့ အထိလည်းကောင်း ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ၌ COVID-19 ဗိုင်းရပ်စ်ကူးစက်မှု တားဆီးထိန်းချုပ်နိုင်ရန်အတွက် ဆက်သွယ်သွားလာမှု တားမြစ်ကန့်သတ်ထားသည့် ကာလအတွင်း ကုန်စည်များသယ်ယူပို့ဆောင်ရန် အခက်အခဲရှိသဖြင့်အဆိုပါသတ်မှတ်ချက်အပေါ် ၃၀.၆.၂၀၂၀ နေ့အထိ တင်သွင်းခွင့်ကာလ တိုးမြှင့်ပေးပါရန် မြန်မာနိုင်ငံရှိ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနထံသို့ ၅.၅.၂၀၂၀ နေ့တွင် မေတ္တာရပ်ခံခဲ့ပါသည်။

ယခုအခါ အဆိုပါ မတ်ပဲတန်ချိန် ၂ သိန်း ၅ သောင်းအား အချိန်မီတင်သွင်းနိုင်ရန် ခက်ခဲ သဖြင့် တင်သွင်းခွင့်သက်တမ်း တိုးမြှင့်ပေးရန် မေတ္တာရပ်ခံမှုများအရ ၎င်းမတ်ပဲများ အိန္ဒိယနိုင်ငံ ရှိဆိပ်ကမ်းသို့ နောက်ဆုံးထားရောက်ရှိရမည့် နေ့ရက်အား ၃၁.၅.၂၀၂၀ နေ့သို့ တိုးမြှင့်လိုက်ကြောင်းနှင့် ထပ်မံအချိန် တိုးမြှင့်တောင်းခံခြင်းကို လက်ခံဆောင်ရွက်မည်မဟုတ်ကြောင်း ဖော်ပြလျက် အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနက ၁၃.၅.၂၀၂၀ ရက်နေ့၌ ကုန် သွယ်ရေးအသိပေးချက်အမှတ် ၁၀/၂၀၂၀-၂၀၂၁ ဖြင့် ထုတ်ပြန်ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

Source: Trade Notice No. 10/2020-2021 dated 13th May 2020 of Directorate General of Foreign Trade, Ministry of Commerce and Induatry of India

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (18.5.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 18th May. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 11,000 | 10,500 | 1,908 | 20,159,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,650 | +0 | +0.00% | 3,650 | 3,700 | 3,650 | 536 | 1,971,400 | 38,929,150 | 142,091 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 24,000 | +0 | +0.00% | 23,500 | 24,000 | 23,500 | 273 | 6,529,000 | 2,472,053 | 59,329 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 24 | 66,000 | 12,823,224 | 35,264 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 443.80 | +0.00 | +0.00% | 442.89 | 453.70 | 442.89 | 2,741 | 28,725,900 | 5 | 607,696 |

**Index chart**




# Market Overview

As of 1:00 pm, 18th May. 2020

| MYANPIX | 443.80 ▲ 0.00 |
|---|---|
| Total Volume (shares) | 2,741 |
| Total Value (MMK) | 29 mil |
| Listed Company | 5 |
| Market Cap. (MMK) | 607,696 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,650 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |